smart **credit** *business*

Powered by YOMA BANK

# TERMS & CONDITIONS

1. If you have a *Flexi* Everyday account, are a member of Anchor Partners, and are an active user of the Yoma Bank mobile banking application, you may be eligible to receive a digital credit line from Yoma Bank ("smart **credit** *business*").

   အကယ်၍သင်သည် အဓိကဦးစားပေး မိတ်ဖက်အဖွဲ့အစည်း၏အဖွဲ့ဝင်တစ်ဦး ဖြစ်ပြီး ရိုးမဘဏ်၏ *Flexi* Everyday အကောင့်နှင့် Mobile Banking Application ကို အသုံးပြုသူဖြစ်ပါက ရိုးမဘဏ်၏ အထူးဒီဂျစ်တယ် ချေးငွေဝန်ဆောင်မှုဖြစ်သည့် smart **credit** *business* ကို အသုံးပြုခွင့်ရရှိမည် ဖြစ်သည်။

2. The amount of the credit available to you through smart **credit** *businesss* will be assessed by Yoma Bank based on the relationship (both financial and non financial) with relevant anchor partner.

   သင်၏ smart **credit** *business* ဝန်ဆောင်မှုမှ ရရှိနိုင်မည့် ချေးငွေပမာဏ ကို အဓိက ဦးစားပေးမိတ်ဖက်နှင့် ငွေရေးကြေးရေးအရသာမက ငွေရေးကြေးရေးမဟုတ်သည့် လုပ်ငန်းဆိုင်ရာများတွက်ပါ ပတ်သက်မှုရှိသည့် အနေအထားအပေါ် မူတည်၍ ရိုးမဘဏ်မှ smart **credit** *business* ချေးငွေ ပမာဏကို သတ်မှတ်မည် ဖြစ်သည်။

3. The tenor of your smart **credit** *business* is:
   (a) For your first smart **credit** *business* application, one (1) to three (3) months; and
   (b) For subsequent smart **credit** *business* applications, up to a maximum tenor of twelve (12) months, to be determined in Yoma Bank's discretion and as communicated to you as part of your application for smart **credit** *business*.

   smart **credit** *business* ၏ ခွင့်ပြုသက်တမ်းသည်-
   (က) သင်၏ ပထမဆုံး အကြိမ် အသုံးပြုခြင်းအတွက် (၁) လ မှ (၃) လ အထိ နှင့်
   (ခ) နောက်ဆက်တွဲ အကြိမ်များ အသုံးပြုခြင်းများ အတွက် ခွင့်ပြု သက်တမ်း အများဆုံး (၁၂) လ အထိ- စသည့် ချေးငွေသက်တမ်းကို ရိုးမဘဏ်မှ ဆုံးဖြတ်မည်ဖြစ်ပြီး smart **credit** *business* လျှောက်ထားရာတွင်လည်း ဖော်ပြသွားမည် ဖြစ်သည်။

4. By applying for a smart **credit** *business*, you agree that you will repay the smart **credit** *business* installments automatically on the repayment day ("due date"), by authorizing Yoma Bank to automatically debit directly from your *Flexi* Everyday account for the amount that is due for payment (Principal, Interest, and any Penalty Fees). If you do not have sufficient funds in your *Flexi* Everyday account on the due date for a payment, you authorise Yoma Bank to automatically debit directly the amount due (including Principal, Interest, and any Penalty Fees) from any other account you hold with Yoma Bank. If you are delinquent for more than 30 days after the due date, you grant Yoma Bank the right to deduct the outstanding amount (Principle, Interest and Penalty Fees) from Yoma Bank's Accounts and Wave Partner Wallet under your name as repayment to Yoma Bank.

   smart **credit** *business* ကိုအသုံးပြုရန် လျှောက်ထားခြင်းအားဖြင့် သင့်အနေဖြင့် ချေးငွေ ခွင့်ပြုသက်တမ်း၏ နောက်ဆုံးရက် (သက်တမ်းပြည့်သည့်နေ့)တွင် ရိုးမဘဏ်မှ သင်၏ *Flexi* Everyday အကောင့်မှ အလိုအလျောက်နုတ်ယူခြင်းဖြင့် ပြန်လည်ပေးဆပ်သည်ကိုလက်ခံကြောင်း သဘောတူပါသည်။ အကယ်၍ သက်တမ်းပြည့်သည့်နေ့၌ သင်၏ *Flexi* Everyday အကောင့်တွင် ပြန်လည်ပေးဆပ်ရန် (မူလချေးငွေပမာဏ၊ အတိုး နှင့် နောက်ကျကြေး ပါဝင်သည်)ငွေအလုံအလောက်မရှိပါက ရိုးမဘဏ်တွင်ရှိသော သင်၏ အခြားသော အကောင့်မှ နုတ်ယူခွင့်ကို ရိုးမဘဏ်အား ပေးအပ်ပါသည်။ ချေးငွေရယူထားသူသည် ရက်ပေါင်း ၃၀ ထက် ကျော်လွန်၍ချေးငွေပြန်လည်ပေးဆပ်ရန် နောက်ကျခဲ့ပါက ပေးဆပ်ရန်ကျန်ရှိသော (ချေးငွေအရင်း၊ အတိုးနှင့် နောက်ကျကြေး) ငွေပမာဏ အားလုံးကို ချေးငွေရယူထားသူ၏ ရိုးမဘဏ်စာရင်းများနှင့် Wave Money တွင် ချေးငွေရယူထားသူနှင့် ဆက်စပ်သည့် Wave Wallet များမှ အလိုအလျောက် နုတ်ယူမည်ကို သိရှိသဘောတူပါသည်။

5. The interest rate applying to smart **credit** *business* is 14.5%, is applied daily and deducted automatically in accordance with section 4 above. The frequency of interest deduction will be determined by Yoma Bank in its discretion and communicated to you as part of your application for smart **credit** *business* .

   smart **credit** *business* ဝန်ဆောင်မှု၏ အတိုးနှုန်းမှာ တစ်နှစ်လျှင် ၁၄.၅% ဖြင့်နေ့စဉ်တွက်ချက်မည် ဖြစ်ပြီး အထက်ဖော်ပြပါ အပိုဒ် ၄ အရ အလိုက်အလျောက် နုတ်ယူမည် ဖြစ်သည်။ အတိုးနှုန်း ဖြတ်တောက်မှု အကြိမ်အရေအတွက်ကို ရိုးမဘဏ်မှ သတ်မှတ် ဆုံးဖြတ်မည် ဖြစ်ပြီး smart **credit** *business* လျှောက်ထားမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဖော်ပြအကြောင်းကြားသွားမည် ဖြစ်သည်။

6. You acknowledge that failure to repay an amount of smart **credit** *business* (including any accrued fees and/or interest) due and owing to Yoma Bank by the required due date:
   (a) means Yoma Bank may request immediate repayment of the smart **credit** *business* (including any accrued fees and/ or interest) on demand;
   (b) will negatively affect your credit score as assessed by Yoma Bank, making it harder for you to apply for future loans with Yoma Bank, and your credit score with Yoma Bank may also be shared with the Myanmar Credit Bureau; and
   (c) means Yoma Bank may take any such legal or other action to protect and enforce its rights under these terms and conditions.

   သင့်အနေဖြင့် smart **credit** *business* ပြန်လည်ပေးဆပ်မှု (ပေးရန်ရှိသည့် ချေးငွေအရင်း၊ အတိုး နှင့် ဝန်ဆောင်ခ)ကို သက်တမ်းပြည့်သည့်နေ့တွင် ရိုးမဘဏ်သို့ ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ပါက-
   (က) ရိုးမဘဏ်အနေဖြင့် smart **credit** *business* (ပေးရန်ရှိသည့် ချေးငွေအရင်း၊ အတိုး နှင့် ဝန်ဆောင်ခ)ကို ချက်ချင်းပြန်လည်ပေးဆပ်ရန် တောင်းခံခွင့် ရှိသည်။
   (ခ) ရိုးမဘဏ်မှ အကဲဖြတ်ထားသော Credit Score ကို ထိခိုက်မှု ရှိမည်ဖြစ်ပြီး နောင်တွင် ရိုးမဘဏ်မှ ချေးငွေ လျှောက်ထားရာတွင်လည်း အခက်အခဲများ ကြုံတွေ့နိုင်သည်။ သင်ရရှိထားသော Credit Score ကို ရိုးမဘဏ်အနေဖြင့် မြန်မာနိုင်ငံ၏ ချေးငွေဆိုင်ရာ သတင်းအချက်အလက်ဌာန (Myanmar Credit Bureau) သို့ ပေးပို့မည်ဖြစ်သည်။
   (ဂ) ဤစည်းမျဉ်းစည်းကမ်းချက်များအရ ရိုးမဘဏ်အနေဖြင့် မည်သည့် ဥပဒေကြောင်းအရ (သို့မဟုတ်) အခြားသော နည်းလမ်းများဖြင့် ကာကွယ်ဆောင်ရွက်နိုင်သည်။

7. Yoma Bank may in its absolute discretion decline to provide you with the smart **credit** *business* and is not obligated to provide you with a reason for such decline. Yoma Bank may stop offering smart **credit** *business* at any time.

   ရိုးမဘဏ်သည် သင့်အား smart **credit** *business* ဝန်ဆောင်မှု ပေးအပ်ရန်အကြောင်းပြချက် ပေးအပ်ရန်မလိုအပ်ဘဲ ငြင်းဆိုပိုင်ခွင့်ရှိသည်။ ရိုးမဘဏ် အနေဖြင့် smart **credit** *business* ကို အချိန်မရွေး ရပ်ဆိုင်းခွင့်ရှိသည်။

8. You agree that Yoma Bank will not be liable to you for any loss or damage arising from your use of the smart **credit** *business* service, except for any loss or damage arising from Yoma Bank's gross negligence.

   ရိုးမဘဏ်၏ ပေါ့ဆမှုကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးမှုမှအပ အခြားသော သင်၏ smart **credit** *business* ဝန်ဆောင်မှု အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာသည့် မည်သည့် ပျက်စီးဆုံးရှုံးမှုကိုမဆို ရိုးမဘဏ်မှ ဆောင်ရွက်ပေးရန် တာဝန်မရှိပါ။

9. These terms and conditions are governed by Myanmar laws. You agree that if you have any dispute or claim arising under or in respect of smart **credit** *business* and/or these terms and conditions, you will first raise your concern or complaint directly with Yoma Bank, and Yoma Bank will attempt to resolve your dispute and/or claim directly with you within a reasonable time period.

   ဤစည်းမျဉ်းစည်းကမ်းများသည် မြန်မာနိုင်ငံ၏ဥပဒေများအတိုင်း သတ်မှတ်ရေးသားထားခြင်း ဖြစ်သည်။ အကယ်၍ သင့်အနေဖြင့် smart **credit** *business* နှင့်/သို့မဟုတ် ဤစည်းမျဉ်းစည်းကမ်းများအရ အငြင်းပွားဖွယ်ရာ (သို့မဟုတ်) တောင်းဆိုမှုများ ပေါ်ပေါက်လာပါက သင်၏ကိစ္စရပ်များ (သို့မဟုတ်) တိုင်ကြားချက်များကို ရိုးမဘဏ်သို့ ပထမဦးစွာ တင်ပြရမည် ဖြစ်ပြီး ရိုးမဘဏ်အနေဖြင့် သင့်လျော်သော အချိန်ကာလ တစ်ခုအတွင်းတွင် သင်နှင့်တိုက်ရိုက် ဖြေရှင်း ဆောင်ရွက်ပေးမည် ဖြစ်သည်။

10. "I hereby voluntarily acknowledge and consent to the collection, access, use, and processing by Yoma Bank of my personal information and any information regarding my business activity, credit data, credit worthiness, default history and banking activities (the "Relevant Information") for processing my loan application. I further authorize Yoma Bank to disclose and transfer, in whole or in part, the Relevant Information to any government regulatory agencies, any credit reporting bodies, the Myanmar Credit Bureau, the Central Bank of Myanmar for credit worthiness purposes, and to any collection agencies for credit collection purposes. I hereby acknowledge that my credit performance at Yoma Bank may affect my credit worthiness with the Myanmar Credit Bureau".

    ကျွန်တော်/ကျွန်မ၏ ချေးငွေလျှောက်ထားမှုကို သုံးသပ် ဆက်လက်လုပ်ဆောင်နိုင်စေရန် လျှောက်ထားသူ၏ လုပ်ငန်း လည်ပတ်မှုဆောင်ရွက်ချက်များ၊ ချေးငွေအချက်အလက်များ ၊ ချေးငွေလျှောက်ထားရန် ထိုက်တန်မှု၊ ကြွေးမြီရာဇဝင် ၊ဘဏ်ဝန်ဆောင်မှု အသုံးချလုပ်ဆောင်ချက်များ (ယင်းနှင့် ပတ်သက်သည့် အချက်အလက်များ) ကို ရယူ စုဆောင်းခြင်း ၊ ဝင်ရောက်အသုံးပြုခြင်း နှင့် ရှေ့ဆက်ဆောင်ရွက်ခြင်းကိုရိုးမဘဏ်က လုပ်ဆောင်နိုင်သည်ကို သဘောတူ သိရှိပါသည်။ ထို့အပြင် ကျွန်တော်/ကျွန်မသည် ချေးငွေရယူခြင်း ထိုက်တန်မှုသုံးသပ်နိုင်စေရန် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ၊ မြန်မာနိုင်ငံ ချေးငွေ သတင်းပို့ဌာန (Myanmar Credit Bureau) အပါအဝင် ချေးငွေဆိုင်ရာ အချက်အလက်များ ထိန်းသိမ်းအစီရင်ခံသည့် အဖွဲ့အစည်းများ၊ ချေးငွေကောက်ခံမှုဆိုင်ရာ လုပ်ဆောင်သော ချေးငွေကောက်ခံ အဖွဲ့အစည်းများနှင့် ၊ အစိုးရ အာဏာပိုင်အဖွဲ့အစည်းများသို့ မိမိနှင့် သက်ဆိုင်သည့် အချက်အလက် တစ်ခုလုံး (သို့မဟုတ်) တစ်စိတ်တစ်ပိုင်းကို ထုတ်ဖော်ပြောကြားခြင်း နှင့် လွှဲပြောင်းပေးပို့ခြင်း တို့ကို ရိုးမဘဏ်က လုပ်ဆောင်နိုင်ပြီး မိမိ၏ရိုးမဘဏ်၌ ချေးငွေပြန်လည်ပေးဆပ်မှု လုပ်ဆောင်ချက်သည် မြန်မာနိုင်ငံချေးငွေသတင်းပို့ဌာန (Myanmar Credit Bureau) တွင် မိမိရရှိနိုင်သည့် ချေးငွေလျှောက်ထားရန် ထိုက်တန်မှုကို ထိခိုက်မှုရှိနိုင်သည်ကို သိရှိသဘောတူပါသည်။